ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၃၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**

**( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၇.၉၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးခင်မောင်ရီ၊ဧရာဝတီ(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး၊ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ ကျန်းမာရေး၊ ဗိုလ်မှူးမောင်မောင်၊ တပ်မတော်၊ ကျန်းမာရေး၊ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင် ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ၁၉၉၇ ခုနှစ်၊ မီးသတ် တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမြင့်ထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ကျွန်တော် ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်း၊ ပဲခူး(၁၀)အနေနဲ့ ဥပဒေကြမ်း ကော်မတီကိုယ်စား ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းပြီးတော့ အသစ်ပြန်ဆွဲတဲ့ မီးသတ်တပ်ဖွဲ့ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြတဲ့အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

ဒီဥပဒေကြမ်းကို စိစစ်တင်ပြတဲ့ အစီရင်ခံစာကို အခုလ ၂၀ ရက်နေ့မှာ လွှတ်တော်ကို တင်သွင်းခဲ့ပါတယ်။ ဒီလ ၂၆ ရက်နေ့ မနေ့တစ်နေ့က ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ကိုယ်စားလှယ်တော်ကြီး(၂)ဦးဖြစ်တဲ့ မန္တလေး(၁၀)က ဦးခင်မောင်ဌေး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်လင်းအောင် တို့က အကြံပြုဆွေးနွေးခဲ့ပါတယ်။ ကိုယ်စားလှယ်ကြီး (၂)ဦး အကြံပြုဆွေးနွေးတာနဲ့ ပတ်သက်လို့ ဥက္ကဋ္ဌကြီးက တာဝန်ပေးတဲ့အတွက်ကြောင့်

ဒီကိုယ်စားလှယ်ကြီး(၂)ဦးနဲ့ ကျွန်တော်တို့ ကော်မတီရယ်၊ နိုင်ငံရေး၊ စီးပွားရေး ဥပဒေရေးရာ ကော်မရှင် အဖွဲ့ဝင်တွေရယ်၊ မီးသတ်ဦးစီးဌာနက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေရယ် ကျွန်တော်တို့ အဲဒီနေ့မှာပဲ ထပ်ပြီးတော့ ညှိနှိုင်းဆွေးနွေးကြပါတယ်။

လေ့လာတွေ့ရှိချက်တွေကတော့ အပိုဒ်၂၊ (ခ)မှာပါတဲ့ စကားရပ်ကို အစားထိုးဖို့ ဖြစ်ပါတယ်။ ဖွဲ့စည်းတည်ထောင်ထားသည့် စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ ဆိုတဲ့စကားရပ်ကို ဖွဲ့စည်းတည်ထောင်သည့် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသော စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ ဆိုတဲ့ စကားနဲ့ ပိုပြီးတော့ ပြည့်စုံအောင် ကျွန်တော်တို့ ပြင်ဆင်ဖို့ သဘောတူပါတယ်။ အပိုဒ် ၄၊ (က)၊ အပိုဒ်ခွဲငယ် ၃ မှာလည်း အဲဒီလိုပဲ စကားရပ် အစားထိုးတာရှိပါတယ်။ ပြည်ထောင်စုနယ်မြေမှ ကောင်စီဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးအဖွဲ့ဝင် လို့ ပြင်ဆင်ဖို့ သဘောတူကြပါတယ်။ အပိုဒ် ၁၆၊ (ခ) မှာလည်းပဲ စကားရပ်ပြင်ဆင်ဖို့ ဖြစ်ပါတယ်။ လိုအပ်သလိုစစ်ဆေးခြင်း၊ စစ်ဆေးစေခြင်းပြုရမည် ဆိုတဲ့အစား သတ်မှတ်ချက်များ နှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်းနှင့် လိုက်နာမှုမရှိသူများကို လိုအပ်သလို သတိပေးခြင်း၊ အရေးယူခြင်းတို့ ပြုလုပ်နိုင်ရန် စီစဥ်ဆောင်ရွက်ရမည် ဆိုတဲ့စကားရပ်နဲ့ အစားထိုးဖို့ သဘောတူကြပါတယ်။ အပိုဒ် ၂၇ မှာလည်းပဲ စကားရပ် အစားထိုးဖို့ပဲ ဖြစ်ပါတယ်။ မီးသတ်ယာဥ်များအား တာဝန်ရှိသူမှအပ လမ်းပိတ်ဆို့ခြင်း၊ ဟန့်တားခြင်း ဆိုတဲ့စကားရပ်အစားကို မီးသတ်ယာဥ်များကို အကြောင်းမဲ့ ဟန့်တားခြင်း၊ လမ်းပိတ်ဆို့ခြင်း ဆိုတဲ့စကားရပ်နဲ့ အစားထိုးဖို့ ကျွန်တော်တို့ သဘောတူကြပါတယ်။

ကော်မတီရဲ့သဘောထားမှတ်ချက်ကတော့ဒီဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ အကြံပြုဆွေးနွေးကြတဲ့ ကိုယ်စားလှယ်တော်ကြီး(၂)ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတို့က တာဝန်ရှိသူတွေ၊ ကျွန်တော်တို့ကော်မတီ၊ ကော်မရှင်အဖွဲ့ဝင်တွေ ညှိနှိုင်းပြီးတော့မှ ပြင်ဆင်ချက်တွေအားလုံး သဘောတူဆုံးဖြတ်ထားတဲ့အတွက်ကြောင့် လွှတ်တော်ကနေ အတည်ပြုပေးပါလို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၉၇ ခုနှစ်၊ မီးသတ် တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဥ် ပြင်ဆင်ချက်-

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။ )

၁၃၇၆ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဥ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဥ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ဉ)၊

၁။ ဤဥပဒေကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေ ဟုခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(ခ) အရန်မီးသတ်တပ်ဖွဲ့ ဆိုသည်မှာ မီးသတ်ဦးစီးဌာနက လေ့ကျင့်သင်ကြားပြီး ဖွဲ့စည်းတည်ထောင်သည့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော စေတနာ့ ဝန်ထမ်း မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဂ) သီးသန့်မီးသတ်တပ်ဖွဲ့ ဆိုသည်မှာ စက်ရုံ၊အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင် အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်းနှင့် မီးဘေး စိုးရိမ်ရသော လုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့်ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲ သူက ဖွဲ့စည်း တည်ထောင်ထားသည့် မီးသတ်တပ်ဖွဲ့ ကို ဆိုသည်။

(ဃ) မီးဘေးလုံခြုံရေးဆိုသည်မှာ မီးဘေးအန္တရာယ် အသိပညာပေးရေး၊ ကြိုတင်ကာကွယ် ရေးနှင့် မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဆိုသည်။ အဆိုပါ လုပ်ငန်းများတွင် အခြားသော ဘေးအန္တရာယ် ကင်းရှင်းရေး ကိစ္စရပ်များအတွက် ဆောင်ရွက်ခြင်း များလည်း ပါဝင်သည်။

(င) မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာ ဆိုရာတွင် မီးဘေးလုံခြုံရေးအတွက် အသုံးပြုသည့် မီးလှန့် အချက်ပေး ပစ္စည်းကိရိယာ၊ မီးလောင်မှုဆိုင်ရာ အာရုံခံပစ္စည်း ကိရိယာ၊ အရေးပေါ် လွတ်မြောက်မှု အတွက် အသုံးပြုသော ပစ္စည်းကိရိယာ၊ မီးငြိမ်း သတ်ရာ၌ အသုံးပြုသည့် မီးသတ်ဆေးဘူး၊ မီးသတ်စက်၊ ရေစုပ်စက်၊ ယာဉ်အမျိုးမျိုး၊ မီးကာနှင့် မီးသတ်ဝတ်စုံအမျိုးမျိုး၊ ဆက်သွယ်ရေးကိရိယာ သို့မဟုတ် မီးငြိမ်းသတ်ရန် အသုံးပြုနိုင်သော အခြားပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။ ထို့အပြင် မီးသတ်တပ်ဖွဲ့မှ အသုံးပြုနေသည့် ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများနှင့် မီးသတ် ဦးစီးဌာနက အခါအားလျော်စွာ အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ပစ္စည်း ကိရိယာများလည်း ပါဝင်သည်။

(စ) မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့်ပစ္စည်း ဆိုရာတွင် မီးလောင်လွယ်သော ပစ္စည်းများ၊ မီးသွေး၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ ဓာတ်ငွေ့ရည်၊ ချို့ယွင်း ပျက်စီးနေသော သို့မဟုတ် လျှပ်စစ်စီးဝင်နေသော လျှပ်စစ်ပစ္စည်းကိရိယာ၊ အရက်ပျံ၊ အရက်ဆီ၊ အက်စစ်၊ ဝါဂွမ်းနှင့် ဝါဂွမ်းအခြေခံပစ္စည်း၊ သစ်နှင့် သစ်အခြေခံပစ္စည်း၊ စက္ကူနှင့် စက္ကူအခြေခံ ပစ္စည်း၊ ရာဘာနှင့်ရာဘာအခြေခံပစ္စည်း၊ ပလပ်စတစ်နှင့် ပလပ်စတစ် အခြေခံပစ္စည်း၊ ရေနံနှင့်ရေနံထွက် ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ အပူကို ဖြစ်ပေါ်စေသော ပစ္စည်း စသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ မီးဘေးအန္တရာယ် ဖြစ်စေတတ်သည့် ပစ္စည်းအဖြစ် သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(ဆ) မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်း ဆိုရာတွင် မီး၊ လောင်စာ၊ လျှပ်စစ်ဓာတ်အား သို့မဟုတ် မီးဘေး အန္တရာယ် ဖြစ်စေတတ်သည့် ပစ္စည်းများကို အသုံးပြု သော လုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါလုပ်ငန်းနှင့် ဆက်စပ်သော နေရာ၊ အဆောက်အအုံ သို့မဟုတ် ယာဉ်လည်း ပါဝင်သည်။

(ဇ) ပေါက်ကွဲစေတတ်သည့်ပစ္စည်း ဆိုရာတွင် ဓာတုဗေဒ ပစ္စည်းအမျိုးမျိုး၊ ယမ်းအမျိုးမျိုး သို့မဟုတ် ယမ်းအသုံးပြုထားသော ပစ္စည်း၊ ပေါက်ကွဲမှုကို ဖြစ်ပေါ်စေနိုင်သော အရာဝတ္ထုပစ္စည်း အမျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထဲရေးဝန်ကြီး ဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပေါက်ကွဲ စေတတ်သည့် ပစ္စည်းအဖြစ် သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည် ဟု ပြင်ဆင်ထားပါတယ်။

(ဈ) မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးခြင်းဆိုသည်မှာ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး အတွက် သတ်မှတ် ပြဋ္ဌာန်းထားသည့် ကျင့်ထုံးများနှင့်အညီ မီးသတ်ဦးစီးဌာန သို့မဟုတ် ယင်းကတာဝန်ပေးအပ်သူက စစ်ဆေး ဆောင်ရွက်သည့် လုပ်ငန်းကိုဆိုသည် ဟု ဖြည့်စွက် ထားပါတယ်။

(၃) မီးသတ်ဦးစီးမှူး ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန၏ အကြီးအမှူး ကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(ခ) (ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(၃)၊ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(ခ)(ဂ)(ဃ)(င)(စ) (ဆ)(ဇ)(ဈ)(၃) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၂)၊ အပိုဒ် ၃(င)၊

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(င) ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် လိုအပ်လာပါက ပါဝင်ကူညီ ဆောင်ရွက်ရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၃)၊ အပိုဒ် ၄(က)(၃)(၇)

၄။ ဝန်ကြီးဌာနသည်-

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မီးဘေးလုံခြုံရေး ဗဟိုအဖွဲ့ကို သတ်မှတ်ထားသည့် အတိုင်း ဖွဲ့စည်းရမည်-

(၃) ပြည်ထောင်စုနယ်မြေမှကောင်စီဝင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄(က) (၃)(၇) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄ (က)(၃)(၇) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၄)၊ အပိုဒ် ၅(စ)

၅။ ဗဟိုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(စ) ပြည်တွင်း၊ ပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ၊ နည်းပညာအကူအညီများ လက်ခံရယူခြင်း၊ ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများ နည်းပညာအကူအညီများကို မီးဘေးအန္တရာယ်၊ အခြားသဘာဝ ဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ် တားဆီးရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများတွင် စနစ်တကျ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၅(စ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၅(စ) သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၅)၊ အပိုဒ် ၆(က)

၆။ ဗဟိုအဖွဲ့သည် မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်ကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မီးဘေးလုံခြုံရေးအဖွဲ့ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၆(က)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၆(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၆)၊ အပိုဒ် ၈(က)(ခ)၊ အပိုဒ် ၉(ဃ)၊ အပိုဒ် ၁၂

၈။ မီးသတ်ဦးစီးဌာနသည် -

(က) မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေး အန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ်နှင့် ရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်များအတွက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ မီးဘေးလုံခြုံရေး အသိပညာရပ်များ ပြည်သူလူထု အတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် လှုံ့ဆော်ပညာပေးရာတွင် လည်းကောင်း၊ မီးသတ်ဝန်ထမ်းများနှင့်အတူ စေတနာ့ဝန်ထမ်းပါဝင်ကူညီ ဆောင်ရွက်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။

( ခ) မီးသတ်ဝန်ထမ်းများက လေ့ကျင့်သင်ကြားထားသည့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ဝင်များဖြင့် အရန်မီးသတ် တပ်ဖွဲ့များကို ဖွဲ့စည်းရမည်။

၉။ မီးသတ်ဦးစီးဌာနသည်-

(ဃ) အရန်မီးသတ်တပ်ဖွဲ့ အဆင့်ဆင့်၏ ငွေကြေးဆိုင်ရာ ရရှိခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနည်းလမ်းများကို သတ်မှတ်ရမည်။

၁၂။ ပြည်ထောင်စုနယ်မြေကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရတို့သည် လိုအပ်ပါက အရန်မီးသတ်တပ်ဖွဲ့များ၏ အခြေခံလိုအပ်ချက်များနှင့် အုပ်ချုပ်မှုကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၈(က) (ခ)၊ အပိုဒ် ၉(ဃ)၊ အပိုဒ် ၁၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၈(က)(ခ)၊ အပိုဒ် ၉(ဃ)၊ အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၇)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ဂ)

၁၃။ မီးသတ်ဦးစီးဌာနသည်စက်ရုံ၊ အလုပ်ရုံ၊ ကားဂိုဒေါင်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင် အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်းနှင့် မီးဘေး အန္တရာယ် စိုးရိမ်ရသော လုပ်ငန်းများ၌ သီးသန့်မီးသတ် တပ်ဖွဲ့များကို ဖွဲ့စည်းထားရှိရန် သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူအား ညွှန်ကြားရမည်။

၁၄။ သီးသန့်မီးသတ်တပ်ဖွဲ့သည်-

(ဂ) မီးဘေးလုံခြုံရေးဆိုင်ရာ ပညာရပ်များလေ့ကျင့် သင်ကြားရေး၊ ကျွမ်းကျင်မှုရှိစေရေးနှင့် နည်းပညာများ ရရှိစေရေးအတွက် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားမှုကို ခံယူရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၈)၊ အပိုဒ် ၁၆(ခ)၊ အပိုဒ် ၁၇(ခ)(ဂ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉

၁၆။ မြို့နယ်မီးသတ်ဦးစီးမှူးသည်-

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာခြင်း ရှိ၊ မရှိ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်းနှင့် လိုက်နာမှုမရှိသူများကို လိုအပ်သလို သတိပေးခြင်း၊ အရေးယူခြင်းတို့ ပြုလုပ်နိုင်ရန် စီစဉ် ဆောင်ရွက်ရမည်။

၁၇။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် အောက်ပါကိစ္စရပ်များအတွက် ခွင့်ပြုမိန့် ထုတ်မပေးမီ မီးဘေးလုံခြုံရေး ကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေး ထောက်ခံချက်ကို ရယူရမည်-

(ခ) ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းလုပ်ကိုင်ခြင်း။

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် သိုလှောင်ကန်များ ဆောက်လုပ်ခြင်း။

၁၈။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် မြို့ပြ၊ ကျေးရွာ တည်ဆောက်ရေးနှင့် မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ၊ စက်မှုဇုန်နှင့်စီးပွားရေးဇုန် စီမံကိန်းများရေး ဆွဲရာတွင် မီးဘေး လုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ သဘောထားကို ရယူဆောင်ရွက်ရမည်။

၁၉။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူသည် အများ ပြည်သူဆိုင်ရာ နေရာများတွင် ပြပွဲ၊ ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် ဘာသာရေးဆိုင်ရာပွဲများကျင်းပခြင်း သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရာ၌ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ သက်ဆိုင်ရာ မီးသတ်ဦးစီးမှူး၏ သဘောထား ရယူဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၁၆(ခ)၊ အပိုဒ် ၁၇(ခ)(ဂ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၁၆(ခ)၊ အပိုဒ် ၁၇(ခ)(ဂ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၉)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(က)

၂၁။ မြို့နယ်မီးသတ်ဦးစီးမှူးသည် မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်း၊ မီးလောင်ဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးနှင့် မီးလောင်မှုအတွက် တာဝန်ရှိသူတို့ကို အမြန်ဆုံး စုံစမ်းစစ်ဆေးတင်ပြရမည်။

၂၂။ (က) ဝန်ကြီးဌာနသည် လိုအပ်ပါက မီးလောင်မှုကို စုံစမ်းစစ်ဆေး တင်ပြစေရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည် ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၁၀)၊ အပိုဒ် ၂၃(ဌ)(ဍ)

၂၃။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(ဌ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း၊ ပြည်ပ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းနှင့်နည်းပညာ အကူအညီများကို မီးဘေးအန္တရာယ်၊ အခြားသဘာဝ ဘေးအန္တရာယ်၊ ကပ်ရောဂါ ဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျ အသုံး ပြုနိုင်ရန် စီမံခန့်ခွဲဆောင်ရွက်ခြင်း ဟု ဖြည့်စွက်ထားပါတယ်။

( ဍ) ဗဟိုအဖွဲ့နှင့်ဝန်ကြီးဌာနက ပေးအပ်သောတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၃ (ဌ)(ဍ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ်၂၃(ဌ)(ဍ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၁)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂

၂၅။ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင်အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်း ပိုင်ရှင်သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့် အညီ-

၂၇။ မည်သူမျှ မီးငြိမ်းသတ်ရန် ထွက်ခွာလာသော မီးသတ် တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များကို အကြောင်းမဲ့ ဟန့်တားခြင်း၊ လမ်းပိတ်ဆို့ခြင်း၊ နှောင့်ယှက်ခြင်း၊ ရန်ပြုခြင်း၊ မီးလောင်မှုနှင့် မသက်ဆိုင်သည့် နေရာသို့ တစ်နည်းနည်းဖြင့် လမ်းပြခေါ်ယူခြင်းမပြုရ။

၂၉။ မည်သူမျှ မီးစတင်လောင်သော နေရာနှင့် မီးလောင်မှု အကြောင်းရင်းကို သက်ဆိုင်ရာက စုံစမ်းဖော်ထုတ် အတည်မပြုမီ ကာလအတွင်း မီးလောင်ပြင်နေရာ၏ သတ်မှတ်ထားသော ဧရိယာအတွင်းရှိ သက်သေခံပစ္စည်းများကို ဖယ်ရှားခြင်း၊ ရှင်းလင်းခြင်း၊ ပြောင်းရွှေ့ခြင်း မပြုရ။

၃၀။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရရှိဘဲ အရန်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင် ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း မပြုရ။

၃၁။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရရှိဘဲ သီးသန့်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင် ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းမပြုရ။

၃၂။ မီးလောင်မှု ဖြစ်ပွားရာတွင် တာဝန်ထမ်းဆောင်နေသော မည်သည့် မီးသတ်တပ်ဖွဲ့ဝင်မျှ ပိုင်ရှင်ခွင့်ပြုသည် ဖြစ်စေ၊ ခွင့်မပြု သည်ဖြစ်စေ၊ ပစ္စည်း၊ တံစိုးလက်ဆောင် သို့မဟုတ် ငွေကြေးတစ်စုံ တစ်ရာကို ရယူခြင်း မပြုရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၂)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇

၃၃။ မည်သူမဆို ပုဒ်မ ၂၄၊ ပုဒ်မ ၂၉ နှင့် ပုဒ်မ ၃၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင်အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ် အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၃၁ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ် ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၇။ မီးသတ်တပ်ဖွဲ့ဝင်မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ဆယ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၃)၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄(က)(ခ)၊

အပိုဒ် ၄၅၊

၄၀။ ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သော အရန်မီးသတ်တပ်ဖွဲ့ဝင်နှင့် သီးသန့် မီးသတ်တပ်ဖွဲ့ဝင်တို့သည် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၄၂။ မီးသတ်တပ်ဖွဲ့ဥပဒေ၊ တော်လှန်ရေးကောင်စီဥပဒေ အမှတ် (၁၂/၁၉၆၃)အရ ဖွဲ့စည်းတည်ထောင်ထားသော မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့သည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့များ ဖြစ်သည်ဟု မှတ်ယူရမည်။

၄၃။ မီးသတ်တပ်ဖွဲ့ဥပဒေ၊ တော်လှန်ရေးကောင်စီဥပဒေ အမှတ်(၁၂/၁၉၆၃)နှင့် မီးသတ်တပ်ဖွဲ့ဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၁/၁၉၉၇)အရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်-

(က) ဝန်ကြီးဌာနသည်လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း နှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့၊ ဝန်ကြီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၅။ မီးသတ်တပ်ဖွဲ့ ဥပဒေ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၁/၁၉၉၇)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄(က)(ခ)၊ အပိုဒ် ၄၅၊ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄(က)(ခ)၊ အပိုဒ် ၄၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

အခန်း(၁)၊ အပိုဒ် ၂(ည)၊

အခန်း(၇)၊ အပိုဒ် ၁၃(ခ)၊

အခန်း(၁၂)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈

တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏အတည်ပြုချက်-

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၂(က)၊

အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ)၊

အခန်း(၃)၊ အပိုဒ် ၄(က)(၁)(၂)(၄)(၅)(၆)(၈)၊ အပိုဒ် ၄(ခ)၊

အခန်း(၄)၊ အပိုဒ် ၅(က)(ခ)(ဂ)(ဃ)(င)၊

အခန်း(၅)၊ အပိုဒ် ၆(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၇၊

အခန်း(၆)၊ အပိုဒ် ၉(က)(ခ)(ဂ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊

အခန်း(၇)၊ အပိုဒ် ၁၄(က)(ခ)၊

အခန်း(၈)၊ အပိုဒ် ၁၅(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၆(က)၊

အပိုဒ် ၁၇(က)(ဃ)(င)(စ)

အခန်း(၉)၊ အပိုဒ် ၂၀(က) မှ(ဆ)ထိ၊ အပိုဒ် ၂၂(ခ)၊

အခန်း(၁၀)၊ အပိုဒ် ၂၃(က)မှ (ဠ)ထိ၊

အခန်း(၁၁)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅(က)(ခ)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၈၊

အခန်း(၁၂)၊ အပိုဒ် ၃၆ နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၁)၊ အပိုဒ် ၂(ည)(ဋ)(ဌ)(ဎ)(ဏ)

အခန်း(၁၃)၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၁ တို့ကို မူလအဆိုပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။ (ဩဘာသံ များ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေ ခွဲ(ခ)အရ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း( ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းလို့ အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ၁၀-၁-၁၉၉၇ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၁/၁၉၉၇ ဖြင့် ပြဋ္ဌာန်းခဲ့ပြီးတော့ အခန်း (၁၃)ခန်း၊ ပုဒ်မ (၄၄)ခု ပါဝင်ပါတယ်။ ဒီဥပဒေဟာ နိုင်ငံတော်ပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ ယဉ်ကျေးမှု အမွေအနှစ်များနဲ့ ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်များကို ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရန်နဲ့ မီးဘေးအန္တရာယ် ၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါ ဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ် အမျိုးမျိုး ကျရောက်တဲ့အခါမှာ တားဆီးရေး ၊ ငြိမ်းသတ်ရေး၊ ကယ်ဆယ်ရေးတို့အတွက် မီးသတ်တပ်ဖွဲ့နဲ့အတူ အရန်မီးသတ်တပ်ဖွဲ့များ၊ သီးသန့်မီးသတ်တပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန် ပြဋ္ဌာန်းထားသော ဥပဒေတစ်ခု ဖြစ်ပါတယ်။ ဒီဥပဒေဟာ မျက်မှောက်ခေတ်ကာလ အခြေအနေများနဲ့ လိုက်လျောညီထွေမှု မရှိတော့တဲ့အတွက် အသစ်ပြင်ဆင်ရေးဆွဲ ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ် ပြင်ဆင်ရေးဆွဲထားသော မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား ဥပဒေစကားရပ် အသုံးအနှုန်း ရေးထုံးရေးနည်းမှန်ကန်စေရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ကော်မတီ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အမျိုးသားလွှတ်တော် စီးပွားရေး ဥပဒေရေးရာ ကော်မရှင်နဲ့ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်း၍ ဥပဒေကြမ်းမှာ အခန်း (၁၃)ခန်း၊ ဥပဒေ ပုဒ်မ (၄၇)ခုတို့အား စကားရပ် အစားထိုးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ပြီး အမျိုးသားလွှတ်တော်သို့ ဆွေးနွေးစဉ်းစားနိုင်ရန် အဆိုတင်သွင်းခဲ့ပါတယ်။ အဆိုပါ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦးမှ ဖြည့်စွက်ဆွေးနွေးခဲ့သဖြင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဖြည့်စွက်ဆွေးနွေးတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂)ဦး အမျိုးသားလွှတ်တော် နိုင်ငံရေး၊

စီးပွားရေးနဲ့ ဥပဒေရေးရာ ကော်မရှင်နဲ့ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများဟာ ၂၆-၁၁-၂၀၁၄ ရက်နေ့မှာ ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင်ခြင်း ဖြည့်စွက်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ခေတ်ကာလအခြေအနေနဲ့ လိုက်လျောညီထွေမှု မရှိတော့တဲ့ ၁၉၉၇ ခုနှစ် မီးသတ်တပ်ဖွဲ့ဥပဒေအား ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုဝန်ကြီးက အဆိုတင်သွင်းတဲ့ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုရန် အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး က ထောက်ခံ အပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ယခုအဆိုမှာ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၁၁-၉-၂၀၁၄ ရက်နေ့မှ ယနေ့ ၂၈-၁၁-၂၀၁၄ ရက်နေ့အတွင်း (၃၇)ရက် ကျင်းပပြုလုပ်ခဲ့ပါတယ်။ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများနှင့် ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ် များက ကြယ်ပွင့်ပြမေးခွန်း (၁၅၃)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၂၃၉)ခု တို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ ဖြေကြားခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

အဆိုများ တင်သွင်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ် ( ၈ )ဦးက အဆို ( ၉ )ခု တင်သွင်းခဲ့ရာ အဆို ( ၆ )ခု ကို အတည်ပြုပြီး အဆို ( ၂ )ခု ကို မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ လာမည့် အစည်းအဝေးတွင် အဆုံးအဖြတ်ပြုမည့် အဆို( ၁ )ခု ကျန်ရှိ ပါတယ်။

ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်က ပေးပို့သည့် ဥပဒေကြမ်းများအနက် -

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၇-၃-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ၁၄-၁၀-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ ပါတယ်။

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၁၁-၉-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ ပါတယ်။ ၂၇-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့ပါတယ်။ ယင်းဆွေးနွေးချက် များနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၁၅-၉-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆို တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၂၃-၉-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ

၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်၌ ၂၉-၁၀-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပါတယ်။

၁၉၄၇ ခုနှစ် အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်တွင် ၁၄-၁၀-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆို တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၂၀-၁၀-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်၌ ၁၈-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။

မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၁၇-၁၀-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသား လွှတ်တော်က ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၂၀-၁၁-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၂၈-၁၁-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပါတယ်။

လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်တွင် ၂၁-၁၁-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ ပါတယ်။

သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများ နှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၂၁-၁၁-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က အဆို တင်သွင်းခဲ့ပါတယ်။ အမျိုးသား လွှတ်တော်က ၂၅-၁၁-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၂၁-၁၁-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၂၅-၁၁-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၂၆-၁၁-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းတဲ့ ဥပဒေကြမ်း များအနက်-

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း တင်သွင်းခဲ့သော မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို ၁၁-၉-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။ ၁၆-၁၀-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအား လွှတ်တော်မှ သဘောမတူကြောင်းဆုံးဖြတ်သဖြင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄(က) အရ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က ၁၈-၉-၂၀၁၄ ရက်နေ့တွင် အဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန်မသင့်ဘဲ မူလဥပဒေအတိုင်းထားရှိရန် တင်ပြသည့်အတွက် လွှတ်တော်က ၂၄-၁၁-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ပြုခဲ့ပါတယ်။

ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင် က ၂၂-၉-၂၀၁၄ ရက်နေ့တွင် အဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၁၃-၁၀-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်မှ အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန် ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် -

မြန်မာ့လေကြောင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြန်လည်ပေးပို့လာခြင်းကို ၂၅-၉-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။ ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်က သဘောမတူကြောင်း ဆုံးဖြတ်သဖြင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄(က)အရ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့ လာခြင်းကို ၁၁-၉-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ၂၄-၉-၂၀၁၄ ရက်နေ့တွင် အတည်ပြု ဆုံးဖြတ်ခဲ့ပါတယ်။

စစ်ဘက်ရာထူးနှင့်အဆင့် အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူ ကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်၌ ၂၆-၉-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပါတယ်။

ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြန်လည် ပေးပို့ လာခြင်းကို ၁၀-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။ ၂၄-၁၁-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအား လွှတ်တော်က သဘောမတူကြောင်း ဆုံးဖြတ်သဖြင့် အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၆၄(က)အရ ပြည်ထောင်စု လွှတ်တော်၌ ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါတယ်။

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူ ကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်၌ ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင် များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ေးပို့လာခြင်းကို အမျိုးသားလွှတ်တော်၌ ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ် အမှုဆောင် ကော်မတီဝင်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင် များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ၁၈-၁၁-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်၌ ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပါတယ်။ ယင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ၂၅-၁၁-၂၀၁၄ ရက်နေ့တွင် အတည်ပြု ဆုံးဖြတ်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၂-၁၀-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက် များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် များဖြင့် အတည်ပြု၍ ပြန်လည်ပေးပို့လာခြင်းကို ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။ ၂၇-၁၁-၂၀၁၄ ရက်နေ့ တွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအား

လွှတ်တော်က သဘောမတူကြောင်း ဆုံးဖြတ်သဖြင့် အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၆၄(က)အရ ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် -

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း ကော်မတီက ၁၇-၉-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၁၇-၁၀-၂၀၁၄ ရက်နေ့တွင် အမျိုးသား လွှတ်တော်၌ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီဆေးကုသရေး အတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂၃-၉-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်း ခဲ့ပါတယ်။ ၁၅-၁၀-၂၀၁၄ ရက်နေ့တွင် အမျိုးသား လွှတ်တော်၌ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂-၁၀-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်း ခဲ့ပါတယ်။ ၁၅-၁၀-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မပြုဘဲ အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၁၅-၁၀-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၂၁-၁၀-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက် များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၁၅-၁၀-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၁၈-၁၁-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည် ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း ကော်မတီက ၁၆-၁၀-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ ပါတယ်။ ၂၄-၁၁-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂၇-၁၀-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပြီး ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦး ဆွေးနွေး ခဲ့ပါတယ်။

မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၁၀-၁၁-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၂၇-၁၁-၂၀၁၄ ရက်နေ့တွင် အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် ဆုံးဖြတ်ကြောင်းနှင့် နိုင်ငံတကာကျင့်သုံးတဲ့ အလေ့အထတွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် လေ့လာပြီးမှ ဆုံးဖြတ်သင့်တဲ့ ဥပဒေဖြစ်တဲ့အတွက် ဆိုင်းငံ့ထား ပါတယ်။

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း ကော်မတီက ၁၄-၁၁-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၂၀-၁၁-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက် များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသား လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ ပါတယ်။ ၂၅-၁၁-၂၀၁၄ ရက် နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂၆-၁၁-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၂၇-၁၁-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်အတိုင်း အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂၇-၁၁-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။

အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင်-

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်၊ ခရီးစဉ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီစောင့်ရှောက်မှု အစီရင်ခံစာ(၅/၂၀၁၄)ကို ၂၇-၁၀-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ရာ အမျိုးသား လွှတ်တော်က မှတ်တမ်းတင်ခဲ့ပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ၏ မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်မှုများကို တားဆီးရန် မည်သို့ လုပ်ဆောင်နေသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို ၁၁-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ရာ အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ နဝမပုံမှန် အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို ၂၆-၁၁-၂၀၁၄ ရက်နေ့တွင် အဆိုတင်သွင်းခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -

ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ကာလအတွင်း-

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ အမည်အစား ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ပြောင်းလဲခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကော်မတီများနှင့် ကော်မရှင်က ပြုလုပ်သည့် အစည်းအဝေးများမှာ -

- ဥပဒေကြမ်းကော်မတီ (၅၇ )ကြိမ်၊
- ပြည်သူ့ငွေစာရင်းကော်မတီ (၆)ကြိမ်၊
- လွှတ်တော်အခွင့်အရေးကော်မတီ(၅)ကြိမ်၊
- အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၅)ကြိမ်၊
- အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ (၂)ကြိမ်၊
- တိုင်းရင်းသားရေးရာ၊ ပဋိပက္ခ ဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီ (၃)ကြိမ်၊
- တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွား မြှင့်တင်ရေးကော်မတီ (၃)ကြိမ်၊
- နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ (၃)ကြိမ်၊
- ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကော်မတီ (၃)ကြိမ်၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ (၅)ကြိမ်၊
- သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ (၅)ကြိမ်၊
- ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ (၁၀)ကြိမ်၊

- ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီ (၄)ကြိမ်
- နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (၃)ကြိမ်၊
- အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ (၁)ကြိမ်၊
- မဟာဗျူဟာလေ့လာရေးနှင့်သုတေသန ကော်မတီ (၃)ကြိမ်၊
- နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်(၃)ကြိမ်၊
- အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် အချိုးကျ ကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာ အဆို အကောင်အထည်ဖော်ရေး ကော်မရှင်(၁၇)ကြိမ်၊

စုစုပေါင်းကော်မတီအစည်းအဝေး (၁၁၈)ကြိမ် နှင့် ကော်မရှင် အစည်းအဝေး (၂၀)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက်နှင့်လုပ်ငန်းအကူအဖွဲ့မှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုတဲ့ သတင်းအချက်အလက် (၁၄) စောင်ကို ပြုစု ပေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရေးကို ရည်ရွယ်၍ ၃၀- ၉ -၂၀၁၄ ရက်နေ့တွင် လင်းသိုက်ညွန့်(မြန်မာ့မြေ)၏ "Public Policy Making and Capacity Building" ခေါင်းစဉ်ဖြင့် အပြန်အလှန် ဆွေးနွေးပွဲ (Debate)ကို ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် အားလုံးက ဆွေးနွေးခဲ့ကြပါတယ်။

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး မတိုင်ခင်အထိ စုဆောင်း ရရှိထားသော စာအုပ်စုစုပေါင်းမှာ (၉၃၄၀)အုပ်ဖြစ်ပြီး ယခု (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး စတင်သည့် ကာလအတွင်း ထပ်မံစုဆောင်းရရှိသည့် စာအုပ်များမှာ(၁၁၉၀) အုပ်ဖြစ်၍ စုစုပေါင်း စာအုပ် (၁၀၅၃၀)အုပ်ကို အမျိုးသားလွှတ်တော် စာကြည့်တိုက်တွင် စုဆောင်း ရရှိထားပြီး ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးအပ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အားလုံး မိမိတို့နေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိမိတို့သက်ဆိုင်ရာနယ်မြေရှိ ပြည်သူတို့၏ဆန္ဒလိုလားချက်များ၊ ဝေဒနာများ ကို ဖြည့်ဆည်းပေးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၃၇ ရက် မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို သာမန်အားဖြင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်(တနင်္လာနေ့)တွင် ကျင်းပရန်လျာထားကြောင်း အသိပေးကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၁၀း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]